# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၀)

## အန်တုတော်လှန်ရေးနှင့် ပြည်တွင်းစစ်အကြား အဆက်အစပ်ကို လေ့လာခြင်း

### ဆိုလိုရင်းအနှစ်ချုပ်

သမားရိုးကျဖွင့်ဆိုချက်မှာ တော်လှန်ရေးဆိုတာ အုပ်စိုးသူအစိုးရနဲ့ သူ့ရဲ့နိုင်ငံရေး၊ လူမှုစီးပွားရေး စနစ်တွေကို ရုတ်ခြည်းပြောင်းလဲပစ်ဖို့ဦးတည်တယ်၊ ပဒေသရာဇ်တွေရဲ့နန်းလျာအလွှဲအပြောင်းစနစ်လို၊ ရွေးကောက်ပွဲလို စတဲ့ တည်ဆဲအင်စတီကျူးရှင်းတွေကို အသုံးမပြုဘဲ လူထုထောက်ခံမှုကို တိုက်ရိုက်ရယူပြီး အုပ်စိုးသူတွေနဲ့ သူတို့ကိုထောက်ခံသူ ရေပေါ်ဆီအီလစ်တွေကို အကြမ်းဖက် တိုက်ခိုက် တော်လှန်ပြောင်းလဲတာ၊ နိုင်ငံတော်အာဏာကို ရယူဖို့ကြိုးစားတာ ဖြစ်ပါတယ် (Goldstone and Ritter 2019)။ ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေးကနေ၊ ၁၉၇၉ ခုနှစ်အထိ ပေါ်ပေါက်ခဲ့တဲ့ တော်လှန်ရေးတွေကို လေ့လာတဲ့ ဖွင့်ဆိုချက်တွေမှာ တော်လှန်ရေးလက္ခဏာသုံးရပ်တွေ့ရပါတယ်။ ဒါတွေကတော့ (၁) လူ့အဖွဲ့အစည်းရဲ့တန်ဖိုးထားမှုနဲ့အင်စတီကျူးရှင်းတွေမှာ သိသာထင်ရှားတဲ့၊ တိုးတက်သောသဘောဆောင်တဲ့ အပြောင်းအလဲတွေဖြစ်ထွန်းခြင်း၊ (၂) နန်းတွင်းအရှုပ်တော်ပုံတွေနဲ့မတူဘဲ လူထုတွေကိုယ်တိုင် အင်နဲ့အားနဲ့ ပါဝင်ဆင်နွှဲခြင်း (၃) အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ပဲ ဖြစ်ပါတယ် (Huntington 1968; Skocpol 1979)။

ဒီအချက်တွေကြောင့်ပဲ တော်လှန်ရေးဟာ အကြမ်းမဖက်လူထုလှုပ်ရှားမှုနဲ့ မတူဘူးလို့ လက္ခဏာခွဲခြားဖော်ပြကြပါတယ်။ အကြမ်းမဖက် လူထုလှုပ်ရှားမှုဆိုတာကတော့ အစိုးရတွေရဲ့မူဝါဒနဲ့ ပြုမူဆောင်ရွက်ပုံတွေကို ပြောင်းလဲစေဖို့နဲ့ လူ့အဖွဲ့အစည်းရဲ့ လက်ခံမှုတွေကို ပြောင်းလဲပစ်ဖို့ ရည်ရွယ်တယ်။ ဒါကြောင့် အကြမ်းမဖက် လူထုလှုပ်ရှားမှုရဲ့ရလဒ်ဟာ တော်လှန်ရေးရလဒ်လောက် အခြေခံကျတဲ့ ပြောင်းလဲမှုကြီးတွေကို မဖြစ်စေဘူးလို့ သုတေသီတွေက ဆိုပါတယ်။ ဒါပေမဲ့ ၁၉၇၉ ခုနှစ် အီရန်နိုင်ငံမှာ ရှားဘုရင်ကို ဆန့်ကျင်ဖြုတ်ချခဲ့တဲ့ လူထုလှုပ်ရှားမှု အပြီးမှာတော့ ဒီယူဆချက်တွေကို ပြန်သုံးသပ်လာကြပါတယ်။ ၁၉၇၉ ခုနှစ် အီရန်လူထုတိုက်ပွဲဟာ အထွေထွေသပိတ်နဲ့ မြို့ကြီးတွေမှာဖြစ်တဲ့ လမ်းပေါ် ဆန္ဒပြပွဲတွေနဲ့ပဲ အာဏာရှင်ကို ဖြုတ်ချခဲ့တာပါ။ လူထုတရပ်လုံး အင်နဲ့အားနဲ့ ပါဝင်တိုက်ပွဲဝင်ခဲ့ကြသလို လှုပ်ရှားမှုရဲ့ရလဒ်အဖြစ်လည်း အစ္စလာမ်မစ် သမ္မတနိုင်ငံတော်ကို ထူထောင်ခဲ့တာမို့ လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးထားမှုနဲ့ အင်စတီကျူးရှင်းတွေကို အခြေခံကျကျ ပြောင်းလဲပစ်ခဲ့ပါတယ်။

ဒါပေမဲ့ ပြည်သူလူထုဘက်က အာဏာပိုင်တွေကို အကြမ်းဖက်တိုက်ခိုက်တယ်ဆိုတာ လုံးဝ မရှိသလောက်ပါပဲ။ ဒီ အီရန်လူထုလှုပ်ရှားမှုဟာ အကြမ်းဖက်မှုမရှိတာကလွဲလို့ တော်လှန်ရေးလက္ခဏာတွေနဲ့ အကုန်ပြည့်စုံနေတာမို့ ပညာရှင်တွေရဲ့တော်လှန်ရေးနဲ့ လူထုလှုပ်ရှားမှုအကြား ခြားထားတဲ့မျဉ်းဟာ ပျက်ပြယ်သလို ဖြစ်သွားရပါတယ်။ နောက်ပိုင်းပေါ်ထွက်လာတဲ့ ဖိလစ်ပိုင်နိုင်ငံက အာဏာရှင်မားကို့စ်ကို ဖြုတ်ချတဲ့ ၁၉၈၆ ခုနှစ် ပြည်သူ့အာဏာတော်လှန်ရေး၊ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၁ ခုနှစ်အတွင်း ဆိုဗီယက်ပြည်ထောင်စုနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ပေါ်ပေါက်ခဲ့တဲ့ ကွန်မြူနစ်အာဏာရှင်စနစ် တော်လှန်ရေးတွေ၊ ၂၀၀၀ ပြည့်နှစ်မှာဖြစ်ခဲ့တဲ့

နွေဦးတော်လှန်ရေးလို့ ထင်ရှားလာတဲ့ မြန်မာ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုဟာ အကြမ်းမဖက် လူထုတိုက်ပွဲကနေ၊ လက်နက်ကိုင်တိုက်ပွဲအဖြစ် ပြောင်းလဲလာတာ (၁၀) တိုက်ပွဲပုံစံနှစ်ခုကို ပေါင်းစပ်ကျင့်သုံးလာတာ တွေ့လာရပါတယ်။ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ ဒေသအတော်များများမှာ ဖွဲ့စည်းလာကြပြီး အာဏာသိမ်းစစ်ကောင်စီတပ်တွေနဲ့ တိုက်ပွဲတွေဖြစ်နေပါတယ်။ ဒီတိုက်ပွဲတွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ ပြည်သူ့စစ်နဲ့ နယ်ခြားစောင့်တပ်တချို့ပါ ပါဝင်လာပါတယ်။ တချိန်တည်းမှာပဲ ဒီအခြေနေတွေကြောင့် နဂိုကတည်းက အရှိန်ပြန်ရလာနေတဲ့ မြန်မာ့ပြည်တွင်းစစ်ဟာ ပိုမို မီးတောက်လောက်တော့မလားဆိုတဲ့ ဆွေးနွေးမှုတွေလည်း ရှိလာပါတယ်။ ဒါကြောင့် မြန်မာ့နွေဦးတော်လှန်ရေးရဲ့ လက္ခဏာကို ကနဦး ဆန်းစစ်သုံးသပ်မှုတွေ လုပ်ဖို့ သင့်လှပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၀)

## အန်တုတော်လှန်ရေးနှင့် ပြည်တွင်းစစ်အကြား အဆက်အစပ်ကို လေ့လာခြင်း

### ဘာကြောင့်အလေးထားသင့်လဲ

အကြမ်းမဖက်တော်လှန်ရေး၊ လက်နက်ကိုင်တော်လှန်ရေးနဲ့ ပြည်တွင်းစစ်အကြား ဆက်စပ်မှုကိုလေ့လာရာမှာ ပြည်တွင်းစစ်ကို အရင်ဆုံး အဓိပ္ပာယ်ဖွင့်ဖို့လိုပြန်ပါတယ်။ မြားမြောင်လှတဲ့ ဖွင့်ဆိုချက်တွေကိုချုပ်ရရင် ပြည်တွင်းစစ်ဆိုတာ အာဏာ၊ နယ်မြေစတဲ့ ခွဲဝေမှုအပြောင်းအလဲဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ လက်နက်ကိုင်စုဖွဲ့မှုရှိတဲ့ အင်အားစုတွေအကြား (အစိုးရနဲ့ ဆန့်ကျင်ဘက် တပ်တွေအကြား ဒါမှမဟုတ် လက်နက်ကိုင် စစ်တပ်တွေအကြား) ရေရှည် စိုက်လိုက်မတ်တတ်တိုက်ပွဲတွေ ဖြစ်နေတာကိုဆိုလိုတာပါ။

Uppsala Conflict Data Program (UCDP) ဒေတာပိုင်းဖြတ်ချက်အရ ပစ်ခတ်မှုတိုက်ပွဲတွေကြောင့် တနှစ်အတွင်း သေဆုံးသူ ၂၅ ယောက်ရှိရင် လက်နက်ကိုင်ပဋိပက္ခလို့ သတ်မှတ်ပါတယ်။ Correlates of War (COW) ကတော့ ပစ်ခတ်မှုတိုက်ပွဲတွေကြောင့် တနှစ်အတွင်း လူ ၁,၀၀၀ သေဆုံးရင် ပြည်တွင်းစစ်အဖြစ် သတ်မှတ်ပြီး၊ ပညာရှင် Sambanis ကတော့ တနှစ်အတွင်း လူ ၅၀၀ ကနေ ၁,၀၀၀ သေဆုံးရင် ပြည်တွင်းစစ်အဖြစ် သတ်မှတ်ပါတယ် (Newman and DeRouen 2014)။

အစဉ်အလာ သုတေသနတွေရှိချက်တွေအရ လက်နက်ကိုင် အန်တုတော်လှန်ရေးက ပြည်တွင်းစစ်ကို မွေးဖွားပေးတတ်တယ်။ သူနိုင်ကိုယ်ရှုံး ရုတ်ခြည်းယတိမပြတ်ဘဲ အပြန်အလှန် အကြမ်းဖက်မှုတွေ အချိန်အကြာကြီး ဆက်ဖြစ်နေတတ်တဲ့သဘောပါ။ လူထုဆန္ဒဖော်ထုတ်ပြသတဲ့ အကြမ်းမဖက် အန်တုတော်လှန်ရေးကတော့ (အမေရိကန်ကျွန်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုလို ချွင်းချက်မျိုးကလွဲလို့) ပြည်တွင်းစစ်ကို မရှေးရှုစေတတ်ဘူး (Goldstone and Ritter 2019)။ ဒါပေမဲ့ ၂၁ ရာစု အကြမ်းမဖက် အန်တုတော်လှန်ရေးနဲ့ ပြည်တွင်းစစ်အဆက်အစပ်ကို လေ့လာတဲ့ သုတေသီတွေကတော့ အကြမ်းမဖက် အန်တုတော်လှန်ရေးကလည်း ပြည်တွင်းစစ်ကို ဦးတည်သွားစေတယ်လို့ ဖော်ထုတ်တင်ပြလာကြပါတယ်။ သူတို့က ဆီးရီးယား၊ လစ်ဗျား၊ ယီမင်နဲ့ ယူဂိုဆလားဗီးယားနိုင်ငံတွေမှာ ဒီမိုကရေစီအတွက် အကြမ်းမဖက် အန်တုတော်လှန်ရေးတွေကနေ ပြည်တွင်းစစ်အဖြစ် ပဋိပက္ခ သက်ဆိုးရှည်သွားခဲ့ရတာတွေကို စနစ်တကျ သုတေသနပြု တင်ပြကြပါတယ် (della Porta et al. 2018)။ ဒါကြောင့် အရင်က ချွင်းချက်အဖြစ်သာ သဘောထားခဲ့ကြတဲ့ အကြမ်းမဖက် အန်တုတော်လှန်ရေး (အကြမ်းမဖက် လူထုလှုပ်ရှားမှု)ကနေ ပြည်တွင်းစစ်ကို ပြောင်းလဲသွားတတ်တဲ့ အခြေအနေဟာ အလေးအနက်ထားသင့်တဲ့ လက္ခဏာခြင်းရာတရပ် ဖြစ်လာပါတယ်။

ဆားဘီးယားရဲ့ ဘူလ်ဒိုဇာတော်လှန်ရေး၊ ၂၀၀၄ ခုနှစ် ယူကရိန်းနိုင်ငံရဲ့ လိမ္မော်ရောင်တော်လှန်ရေး၊ ၂၀၁၁ ခုနှစ်တွေက အာရပ်နွေဦးလို့တင်စားခဲ့တဲ့ တူနီးရှားနဲ့ အီဂျစ်မှာဖြစ်ခဲ့တဲ့ အာဏာရှင်ဆန့်ကျင်ရေး တော်လှန်ရေးတွေကြောင့် တော်လှန်ရေးဆိုင်ရာ အယူအကောက်တွေ ပြောင်းလဲလာပါတယ်။

ဒါကြောင့် ပညာရှင်တွေက အန်တုတိုက်ပွဲဝင်တဲ့နိုင်ငံရေး (contentious politics) ဆိုတဲ့ယူဆချက် ဖော်ထုတ်ကြပြီး အကြမ်းမဖက် အန်တုတော်လှန်ရေးနဲ့ လက်နက်ကိုင် အန်တုတော်လှန်ရေးဆိုပြီး ခွဲခြားလေ့လာကြပါတယ်။ အကြမ်းမဖက် အန်တုတော်လှန်ရေး၊ လက်နက်ကိုင် အန်တုတော်လှန်ရေးနဲ့ ပြည်တွင်းစစ်အကြား ဆက်စပ်မှုကိုပါ သုတေသနပြုလာကြတာကို စိတ်ဝင်စားဖွယ် လေ့လာရပါတယ်။

### မြန်မာနိုင်ငံနှင့် ဆီလျော်သလား

ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးနောက် လူထုဆန္ဒပြပွဲတွေဟာ အကြမ်းမဖက် အန်တုတော်လှန်ရေးဖြစ်ပြီး ကြွေးကြော်သံတွေမှာလည်း စစ်အာဏာသိမ်းတာကို ဆန့်ကျင်ပြီး စစ်အာဏာရှင်စနစ်ပြုတ်ကျရေး၊ ဖမ်းဆီးထားတဲ့ ပြည်သူတွေနဲ့ ခေါင်းဆောင်တွေကို လွှတ်ပေးရေး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး စတဲ့အချက်တွေကို အဓိကတောင်းဆိုတာ တွေ့ရပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၀)

### အန်တုတော်လှန်ရေးနှင့် ပြည်တွင်းစစ်အကြား အဆက်အစပ်ကို လေ့လာခြင်း

■ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခကြောင့် နှစ်အလိုက် သေဆုံးခဲ့ရသူများ (ပုံကားချပ်-၁)




၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် မေလအထိ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခကြောင့် နှစ်အလိုက် သေဆုံးခဲ့ရသူ အရေအတွက်များ ဖြစ်ပါသည်။ ယခု ကိန်းဂဏန်းများကို Peace Research Institute Oslo (PRIO), Uppsala Conflict Data Program (UCDP) နှင့် ISP-Myanmar Peace Desk တို့က မှတ်တမ်းပြုစုထားသည့် အချက်အလက်များမှ ရယူဖော်ပြပါသည်။ ယခုပုံပြကားချပ်သည် The Asia Foundation က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော The State of Conflict and Violence in Asia အစီရင်ခံစာ၌ပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ ပုံပြကားချပ်အား မှီငြမ်းရေးဆွဲထားခြင်းဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၀)
## အန်တုတော်လှန်ရေးနှင့် ပြည်တွင်းစစ်အကြား အဆက်အစပ်ကို လေ့လာခြင်း

စစ်ကောင်စီက အကြမ်းဖက်ဖြိုခွဲမှုတွေ လုပ်ပြီးတဲ့နောက်မှာတော့ ရပ်ရွာဒေသ အလိုက် ကာကွယ်ရေးတပ်တွေ ပေါ်ပေါက်လာပြီး ပြန်လည်တိုက်ပွဲဝင်တာ၊ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေနဲ့ လက်တွဲပြီး လက်နက်ကိုင် အန်တုတော်လှန်တာတွေကို ပဲခူး၊ စစ်ကိုင်းကနေ၊ ချင်းပြည်နယ် မင်းတပ်မြို့အလယ်၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်ထဲက မြို့တွေအဆုံး ကျယ်ကျယ်ပြန့်ပြန့် တွေ့လာရပါတယ်။ တိုက်ပွဲဝင်နေသူ၊ ထောက်ခံနေကြသူတွေ အားလုံးလိုလိုက စစ်အာဏာရှင်စနစ် အမြစ်ပြုတ်အောင် နည်းပေါင်းစုံနဲ့ တော်လှန်မယ်၊ အထူးသဖြင့် လက်နက်အားကိုးတဲ့ စစ်ကောင်စီကို လက်နက်ကိုင် အန်တုတော်လှန်ရေး ဆင်နွှဲရမယ်လို့ ခံယူလာကြတာကို တွေ့ရပါတယ်။

ဒီနေရာမှာ မြန်မာ့နွေဦးတော်လှန်ရေးဟာ အကြမ်းမဖက် အန်တုတော်လှန်ရေးကနေ၊ လက်နက်ကိုင် အန်တုတော်လှန်ရေးကို ပြောင်းလဲလာတယ်။ တော်လှန်ရေးရဲ့ သဘောသဘာဝအတိုင်း ကာလတိုတခုအတွင်းမှာ လူထုထောက်ခံမှုကို တိုက်ရိုက်ရယူပြီး လက်နက်ကိုင်တိုက်ပွဲနဲ့ စနစ်ဟောင်း၊ ခေတ်ဟောင်းကို ရုတ်ခြည်း တော်လှန်ပြောင်းလဲပစ်နိုင်မလား၊ ဒါမှမဟုတ် ဆီးရီးယား၊ လစ်ဗျား၊ ယီမင်နဲ့ ယူဂိုဆလားဗီးယားနိုင်ငံတွေလို အကြမ်းမဖက် အန်တုတော်လှန်ရေး (လူထုဆန္ဒပြ လှုပ်ရှားမှုတွေကနေ) ပြည်တွင်းစစ်မီး တဟုန်းဟုန်းတောက် တာရှည်သွားမလားဆိုတာ ဆွေးနွေးစရာ ဖြစ်လာပါတယ်။

တကယ်တော့ လွတ်လပ်ရေးရပြီးကတည်းက မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်မီး တောက်လောင်နေခဲ့တာပါ။ UCDP ဒေတာပိုင်းဖြတ်ချက်အရကြည့်ရင် များသောအားဖြင့် တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားတဲ့ ပစ်ခတ်မှုတိုက်ပွဲတွေကြောင့် တနှစ်အတွင်း သေဆုံးသူ ၂၅ ယောက်ရဲ့အထက် ပုံမှန်ရှိနေတာမို့ လက်နက်ကိုင်ပဋိပက္ခ (ဝါ) ဖွဲမီးလို တငွေ့ငွေ့လောင်နေတဲ့ ပြည်တွင်းစစ် (low intensity civil war) လို့ ယေဘုယျသတ်မှတ်နိုင်ပါတယ်။ တချို့အချိန်တွေမှာဆိုရင် တနှစ်အတွင်း လူ ၅၀၀ ကနေ ၁,၀၀၀ အတွင်း သေဆုံးတာမို့ အဲဒီလိုနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့စစ်ကို မီးအရှိန်မြင့်တဲ့ ပြည်တွင်းစစ်အဖြစ် သတ်မှတ်နိုင်ပါတယ် **(ပုံကားချပ် - ၁ ကို ကြည့်ပါ)**။ ဒီလို နဂိုကတည်းက နာတာရှည် ပဋိပက္ခရှိထားရင်းစွဲ တိုင်းပြည်မှာ ပြည်တွင်းစစ်မီး တဖန် ဟုန်းဟုန်းတောက်ဖို့ ဖြစ်တန်ခြေများတတ်တယ်လို့ သုတေသီတွေက ဆိုကြပါတယ်။ ဒါကြောင့် အကြမ်းမဖက် အန်တုတော်လှန်ရေးကနေပြီး လက်နက်ကိုင် အန်တုတော်လှန်ရေးကို ပြောင်းလဲသွားတာ၊ ဒီ လက်နက်ကိုင် အန်တုတော်လှန်ရေးကနေ မြို့ပြတိုက်ပွဲတွေနဲ့ နိုင်ငံတော်အာဏာကိုသိမ်းယူတဲ့ ရုတ်ခြည်းအပြောင်းအလဲကို ဖန်တီးနိုင်မလား၊ ဒါမှမဟုတ် နဂိုရှိရင်းစွဲ ပြည်တွင်းစစ်မှာ ဒဏ်ရာသစ်တွေထပ်တိုးပြီး ပြည်တွင်းစစ် ကျယ်ပြန့်တာရှည်သွားမလားဆိုတာ ဆွေးနွေးစရာပဲဖြစ်ပါတယ်။ သူနိုင်ကိုယ်နိုင် ရုတ်ခြည်း ယတိပြတ်အပြောင်းအလဲကို ဖန်တီးဖို့ အားထုတ်တဲ့ အန်တုတော်လှန်ရေးတွေနဲ့ ပြည်တွင်းစစ်အကြား အဆက်အစပ်ကို လေ့လာတာဟာ မြန်မာ့အရေးကို ပိုမိုနားလည်နိုင်ဖို့ အထောက်အကူပြုတာမို့ မြန်မာနိုင်ငံနဲ့ အထူးဆီလျော်ပြီး အလေးထားသင့်တဲ့ အကြောင်းအချက်တရပ် ဖြစ်ပါတယ်။

**Further Readings**

della Porta, Donatella et al., 2018. *Social Movements and Civil: When Protests for Democratization Fail.* London and New York: Routledge, Taylor & Francis Group.

Goldstone, Jack and Ritter, Daniel. 2019. “Revolutions and Social Movements.” *In The Wiley Blackwell Companion to Social Movements,* 2nd Edition, edited by David A. Snow, Sarah A. Soule, Hanspeter Kriesi, Holly J. McCammon, p. 682-697. New York. Wiley Blackwell.

Hungtington, Samuel P. 1968. *Political Order in Changing Society.* New Haven, CT: Yale University Press.

Newman, Edward and DeRouen, Karl, Jr. 2014. *Routledge Handbook of Civil Wars.* London and New York: Routledge, Taylor & Francis Group.

Skocpol, Theda. 1979. *State and Social Revolution.* Cambridge: Cambridge University Press.